# သာမန်ကာလ (၂၂)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာကု ၇း၁-၈၊ ၁၄-၁၅၊
၂၁-၂၃

ဧဝံဂေလိကျမ်းစာထဲမှာ ဖါရီဇေဦးတွေ၊ ကျမ်းတတ်ဆရာတွေကို ယေဇူးဘုရားရှင်က အမြဲတမ်း ပြစ်တင်ဆုံးမ ငေါက်ငမ်းနေတာကို ခဏခဏ တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖါရီဇေဦးတွေ၊ ကျမ်းတတ်ဆရာတွေဟာ ဘုရားသခင်ရဲ့ပညတ်တော်တွေ၊ ဘာသာရေးဥပဒေတွေကို ဘုရားကို ချစ်လို့၊ ဘုရားကို ဂုဏ်ပြုချီးမွမ်းဖို့အတွက် လိုက်နာကြတာမဟုတ်ပဲ၊ လူတွေက ကိုယ့်ကို သူတော်ကောင်းလို့ အထင်ကြီးအောင်အတွက် အပေါ်ယံလိုက်နာကြလို့ ယေဇူးဘုရားရှင်က သူတို့ကို ဆန့်ကျင်ဘက် ငေါက်ငမ်းခဲ့တာပါ။ ကျမ်းစာထဲမှာ သေချာပြန်ကြည့်ရင် အပြစ်ရှိသူတွေကို ယေဇူးဘုရားရှင်က တစ်ခါမျှ မငေါက်ငမ်းခဲ့ဖူးပါဘူး။ သူတော်ကောင်းယောင်ဆောင်နေတဲ့ ဖါရီဇေဦးတွေကိုသာ ငေါက်ငမ်းခဲ့တာကို တွေ့ရပါတယ်။ အပြစ်ရှိသူတွေက ပြုပြင်ပေးရင် နောင်တရနိုင်တယ်။ သူတော်ကောင်းယောင်ဆောင်နေတဲ့သူက ပြုပြင်ပေးတာကို လက်ခံမှာ မဟုတ်ဘူး။ သူ့ကိုယ်သူ ဘုရားလိုအပ်တယ်ဆိုတာကိုလည်း သတ်မှတ်ဝန်ခံမှာ မဟုတ်လို့ သူတို့ဟာ ကောင်းလာစရာအကြောင်း မမြင်ပါဘူး။ ဒါကြောင့် ယေဇူးဘုရားရှင်က ရှေးပရောဖက် အီဇာယရဲ့ ကျမ်းစာကို အမှီပြုပြီး သူတို့ကို မိန့်တော်မူလိုက်တာက “ဤလူမျိုးသည် ငါ့ကို နှုတ်ဖြင့်သာ ရိုသေဂုဏ်ပြုကြ၏။ သူတို့၏စိတ်နှလုံးမူကား ငါနှင့် ဝေးလှ၏” တဲ့ ။

ယနေ့ ဖတ်ရတဲ့ကျမ်းစာမှာလည်း ယေဇူးဘုရားရှင်ရဲ့ တပည့်တော်ကြီးတွေက လက်မဆေးပဲ အစာစားကြလို့တဲ့ ။ ဒါကို

ဖါရီဇေဦးတွေက အပြစ်တင်ဝေဖန်ကြပါတယ်။ ဖါရီဇေဦးတွေ ဆိုလိုတဲ့ လက်ဆေးနည်းကတော့ ရှေးလူကြီးများရဲ့ ထုံးတမ်းစဉ်လာအရ ဝတ်နည်းအရ တစ်ထောင်ဆစ်ကနေ ကျကျနန ဆေးရတာမျိုး လုပ်ရပ့်မယ်။

ယေဇူးဘုရားရှင်က လက်မဆေးပဲ အစာစားဖို့ တိုက်တွန်းနေတာတော့ မဟုတ်ပါဘူး။ ဒီ လက်ဆေးပြီးမှ အစာစားလေ့ရှိတဲ့လုပ်ရပ်ကို အကြောင်းပြုပြီး ကျနော်တို့ ဝိညာဉ်ရေးအတွက် အရေးတကြီး သတိထားရမည့်အချက်ကို မိန့်တော်မူပါတယ်။ "လူ၏ပြင်ပမှ လူ၏ကိုယ်ခန္ဓာထဲသို့ ဝင်သမျှအရာသည် လူကို မညစ်ညူးစေကြောင်း သင်တို့ မသိမမြင်ကြသလော" တဲ့ ။ လူ့အပြင်ဘက်ကနေ လူ့ကိုယ်တွင်းသို့ မဆေးထားတဲ့လက်ကနေ ပိုးမွှားတွေ ဝင်နိုင်တယ်။ ဝမ်းကိုက်နိုင်တယ်။ ကိုယ်ခန္ဓာ မကျန်းမမာဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဝိညာဉ်ကိုတော့ ဘာမျှ မထိခိုက်နိုင်ပါဘူး။ ဝိညာဉ်ကိုတော့ မညစ်ညူးစေနိုင်ပါဘူး။ ကိုယ်ကာယရေးနဲ့ ဝိညာဉ်ရေးမှာ ဝိညာဉ်ရေးကသာ ပိုအရေးကြီးဆုံးပါ။

"တစ်ဖန်ကိုယ်တော်က လူ၏အတွင်းမှလာသမျှသည် လူကို ညစ်ညူးစေ၏" တဲ့ ။ လူ့အတွင်းမှ လာသမျှဟာ လူကို ညစ်ညူးစေတာ အမှန်ပါပဲ။ လူအတွင်းမှ ဘာတွေထွက်ပေါ်လာလို့လဲ ။ "အကြောင်းမူကား လူ့အတွင်းရှိစိတ်နှလုံးထဲမှ မကောင်းတဲ့အကြံအစည်များ၊ ကာမဂုဏ်ကျူးလွန်ခြင်း၊ သူတစ်ပါး၏ပစ္စည်းကို ခိုးယူခြင်း၊ လူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါးသားမယားကို ပြစ်မှားခြင်း၊ လောဘကြီးခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ ကိလေသာစိတ်ပြင်းပြခြင်း၊ မနာလိုခြင်း၊ အသရေဖျက်ခြင်း၊ မာနထောင်လွှားခြင်းနှင့် မိုက်မဲခြင်း စသည်တို့ ထွက်ပေါ်လာကြ၏။"

ဒီအပြစ်တွေ လုပ်ချင်တဲ့စိတ် အရင်းအမြစ်က

ကိုယ့်အတွင်းစိတ်နှလုံးထဲက စလာတာပါ။ သူတစ်ပါး ပစ္စည်း ခိုးတာတွေ၊ လူသတ်တာတွေကလည်း ကိုယ့်စိတ်ထဲက အရင်စလာတာပါ။

ကိုယ့်စိတ်နှလုံးထဲမှာ အဲ့ဒီလို မကောင်းတဲ့စိတ်ထားတွေနဲ့ ပြည့်နေရင် လူဟာ ဘယ်လိုလုပ် ပျော်နိုင်တော့မှာလဲ။ သင် သွားလေသမျှမှာ စိတ်မချမ်းသာနိုင်တော့ပါဘူး။ ဒီလို မကောင်းတဲ့စိတ်ထားတွေကို သတိနဲ့ ဆင်ခြင်ပြီး ထိန်းသိမ်းရပါလိမ့်မယ်။ ချက်ချင်းလက်ငင်းတော့ မဖြစ်နိုင်ပေမဲ့ ကိုယ့်စိတ်နှလုံးထဲမှာ ဘုရားသခင်ကို ချစ်တဲ့စိတ်၊ ဘုရားရဲ့တရားတော်ကို စိတ်နှလုံးထဲမှာ စွဲမြဲစေရပါ့မယ်။ ဘုရားထံ ဆုတောင်း ပေါင်းစပ်ဖို့ အချိန်ပေးပါ။ ဒီအခါ ကိုယ့်ရဲ့စိတ်ကို ကိုယ် နိုင်ပါလိမ့်မယ်။ “သင့်စိတ်နှလုံးသားရှိတဲ့နေရာမှာ သင် တန်ဖိုးထားရာလည်း ရှိနေပါမယ်” သင့်စိတ်နှလုံးဟာ သင့်ကို ချစ်တဲ့ဘုရားဆီမှာဆိုရင် သင်ဟာ စိတ်ကောင်းနှလုံးကောင်း သွင်းလာနိုင်ပါလိမ့်မယ်။ စိတ်နှလုံးသားထဲမှာ မကောင်းတဲ့စိတ်ထားတွေ မဝင်ရောက်နိုင်ဖို့အတွက် ဘုရားတရားစိတ်ထားကို နေရာပေးထားရပါမယ်။ ဘုရားကို ချစ်တဲ့စိတ်၊ သူတစ်ပါးကို ချစ်တဲ့စိတ်တွေနဲ့ ပြည့်နေရင် မကောင်းတဲ့စိတ်တွေ ပျောက်ကွယ်သွားပါလိမ့်မယ်။

ကိုယ့်စိတ်နှလုံးသားထဲမှာ ဘာကိုစွဲလမ်းထားရမလဲ၊ ဘာကို ဆင်ခြင်အောက်မေ့နေရမလဲဆိုတာ ရှင်ပေါလူးက အခုလို ရေးထားပါတယ်။ “သင်တို့သည် မှန်ကန်သောအရာ၊ စင်ကြယ်သောအရာ၊ လေးစားဂုဏ်ယူဖွယ်သောအရာ၊ တရားမျှတသောအရာ၊ နှစ်သက်မြတ်နိုးဖွယ်သောအရာ၊ သာယာနာပျော်ဖွယ်သောအရာ၊ သာလွန်ထူးမြတ်သောအရာ၊ ချီးမွမ်းဂုဏ်ပြုအပ်သောအရာများကို သတိနှင့် ဆင်ခြင်အောက်မေ့ကြလော့။” (ဖိလိပိ ၄း၈)

ဘာသာသူတို့ မကောင်းတဲ့အပြစ်တွေ ဖြစ်လာရတာဟာ ကိုယ့်စိတ်ထဲက အရင်စ ဖြစ်လာတာပါ။ သင့်စိတ်ထဲက မုန်းနေတဲ့အတိုင်း၊

သင့်စိတ်ထဲက မနာလိုနေတဲ့အတိုင်း၊ သင့်စိတ်ထဲက လောဘအတိုင်း သင်က တကယ်လုပ်လာတာပါ။ ဒါကို ထိန်းသိမ်းဖို့ ခက်မှာပါ။ ဒါပေမဲ့ လူ့ရဲ့ စိတ်နှလုံးသားရဲ့ ဆန္ဒအမှန်ဟာ သူ့ကို ဖန်ဆင်းထားတဲ့ဘုရားသခင်ကိုပဲ တမ်းတနေတာပါ။ ဒါကြောင့် လူဟာ ဘုရားရိပ်တရားရိပ် ခံစားနိုင်တယ်။ နှလုံးစိတ်ဝမ်းအေးငြိမ်းဖို့ကို လိုလားတယ်။ ချစ်ချင်တယ်။ ဒါတွေဟာ သူ့ကို ဖန်ဆင်းပေးလိုက်တဲ့ ဘုရားရဲ့လက်ရာတွေပါပဲ။

ဒါကြောင့် သင့်ဘဝမှာ တကယ်တမ်း ကိုယ်မလုပ်ချင်တဲ့မကောင်းမှုတွေကို လုပ်မိနေပြီး ကိုယ်လုပ်ချင်နေတဲ့ ကောင်းမှုတွေကိုတော့ မလုပ်ပဲ နေမိတတ်ပါတယ်။ ဖန်ဆင်းရှင် ဘုရားကို တမ်းတဖို့ ဘုရားထံမှာ နားခိုဖို့အတွက် လူ့စိတ်ပင်ရင်းထဲက ရှိပြီးသားပါ။ ဘုရားကို တမ်းတနေတဲ့သင့်ရဲ့စိတ်ကို အခွင့်အရေးပေးပါ။ ဘုရားနဲ့ ဆုံတွေ့စေဖို့ ဘုရားတရားကို အချိန်ပေးပါ။ ဒါဆို သင်ဟာ ဘုရားက ဖန်ဆင်းထားတဲ့ရည်ရွယ်ချက်အတိုင်း စိတ်ကောင်းနှလုံးကောင်း သွင်းနိုင်ပြီး ဘုရားရဲ့သားသမီးအဖြစ် လွတ်လပ်ကြည်နူးစွာ နေထိုင်အသက်ရှင်နိုင်ပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။